ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း (ဒုတိယနှစ်စက်ဝန်း)

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

ဖွဲ့ဘာကုန်းတန်းကျေးရွာ၊ ဖွဲ့ဘာကုန်းတန်းကျေးရွာအုပ်စု

၂၀၁၈ ခုနှစ်

ကျောက်တန်းမြို့

မာတိကာ

၁။ကျောက်တန်းမြို့နယ်မြေပုံ..........................................................................................................၂

၂။ဖွဲ့ဘာကုန်းတန်းကျေးရွာအုပ်စုမြေပုံ.............................................................................................၃

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့်ကျေးရွာသမိုင်းကြောင်း.................................................၄

၄။ကျေးရွာအခြေခံအချက်အလက်များ..............................................................................................၅

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်လုပ်ငန်းစဉ်(PSA/PRA)အကျဉ်းချုပ်......................၆

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tool များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ..၇

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓာတ်ပုံများ.................၂၃

၈။ကျေးရွာကော်မတီဝင်များစာရင်း..............................................................................................၂၆


၉။ပုံစံ(စ-၁)ကျေးရွာအခြေခံအချက်အလက်များ..................................................................................၂၈

၁၀။ပုံစံ(စ-၃)ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ်.............................................................................၃၁


၁၁။အစည်းအဝေးမှတ်တမ်းများ.....................................................................................................၃၅.

၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု(Checklist For VDP).........................................၃၉

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ


ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ
သန်လျင်မြို့နယ်
သုံးခွမြို့နယ်
ရန်ကုန်မြစ်
ကျောက်တန်းမြို့
မုတ္တမပင်လယ်ကွေ့
ရည်ညွှန်းချက်
ကွန်ကရစ် (ဘီးနှစ်ဖက်) -
ကွန်ကရစ် -
ကတ္တရာ -
ကျောက် -
ဂဝံ -
မြေ -

## ၂။ ဖွဲ့ဘာကုန်းတန်းကျေးရွာ အုပ်စုမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

၁။ဖွဲ့ဘာကုန်းတန်းကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ်ရှိ ဖွဲ့ဘာကုန်းတန်းကျေးရွာသည် ရှေးယခင်အခါက မွန်လူမျိုးများ နေထိုင်ကြသော ကျေးရွာဖြစ်ပါသည်။ ရွာအမည်မှာညောင်နစ်ပင်ရွာ ဟုလည်းခေါ်ပါသည်။ ကျောက်တန်းဂဝံမြေကြီး အရှေ့ရိုးမ၌ ရွာဦးခေါင်းစ၍တည်လာရာ ဖြစ်သဖြင့် ဖွဲ့ပါ+ကုန်းတန်းနှစ်မျိုးပေါင်း၍ ဖွဲ့ဘာကုန်းတန်းဟုခေါ်ခြင်းဖြစ်သည်။ ဖွဲ့ဘာကုန်းတန်းကျေးရွာသည် ရွာစတည်ခါစတွင် အိမ်ခြေ(၁၀၀)လောက်ရှိပြီးယခုလက်ရှိ(၆၇၀)လောက်ထိ တိုးတက်ပြောင်းလဲနေပါသည်။ အိမ်ထောင်စု(၇၀၃)စုရှိပါသည်။ လူဦးရေ(၂၆၁၅) ယောက်ရှိပါသည်။ ဗမာလူမျိုးအများစုနေထိုင်ကြပြီး ဗုဒ္ဓဘာသာကိုကိုးကွယ်ကြပါသည်။ ဟိန္ဒူလူမျိုးအနည်းငယ်လည်း နေထိုင်ကြပြီး ဟိန္ဒူဘာသာကို ကိုးကွယ်ကြပါသည်။

ဖွဲ့ဘာကုန်းတန်းကျေးရွာသည် ကျောက်တန်းမြို့၏တောင်ဘက် (၉)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ အရှေ့ဘက်တွင်ကွနီးကျေးရွာ၊ အနောက်ဘက်တွင်မုတ္တမပင်လယ်ကွေ့၊ တောင်ဘက်တွင်သံတဲစုကျေးရွာ၊ မြောက်ဘက်တွင်မီးပြကျေးရွာတို့နှင့် နယ်နိမိတ်ဆက်စပ်လျက်ရှိပါသည်။ ကျေးရွာ၏အကျယ်အဝန်းမှာ အရှေ့အနောက်(၁.၅၀)မိုင်၊ တောင်မြောက်(၁.၂၅)မိုင်ရှိပါသည်။ စတုရန်းမိုင်ပေါင်း(၄၃.၃၈)ဧက ရှိပါသည်။ အဓိကစီးပွားရေးလုပ်ငန်းများအဖြစ် လယ်ယာလုပ်ငန်း၊ ပင်လယ်ငါးဖမ်းလုပ်ငန်း၊ စျေးရောင်းဝယ်ရေးလုပ်ငန်း၊ လက်သမား၊ ပန်းရံ၊ လက်လုပ်လက်စား၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားစိုက်ပျိုးရေးလုပ်ငန်းများလည်း လုပ်ကိုင်ကြပါသည်။ လယ်ယာလုပ်ငန်းတွင် ဆန်၊စပါး စိုက်ပျိုးခြင်း၊ပဲစိုက်ခြင်းနှင့် အခြားရာသီပင် ဖူး၊ သခွားတို့လည်း စိုက်ပျိုးကြပါသည်။ ပင်လယ်ငါးဖမ်းလုပ်ငန်းတွင် ငါးသလောက်ပိုက်၊ ငါးပုတ်သင်ပိုက်၊ ငါးစုံပိုက်၊ ကျားပိုက်၊ ဂေါ်ထိုးစသဖြင့် လုပ်ကိုင်ကြပါသည်။ မွေးမြူရေးတွင် ကျွဲ၊ နွားကြက်၊ ဘဲ၊ ဝက်၊ ဆိတ်တို့ကို မွေးမြူကြပါသည်။

ကျေးရွာစတည်ခါစတွင် လူနေအိမ်၊ ဘုန်းကြီးကျောင်း၊ ဟိန္ဒူဘုရားကျောင်း(၁)ကျောင်း ၊ စေတီ(၂)ဆူသာ ရှိပါသည်။ ယခုလက်ရှိတွင် စေတီ(၃)ဆူ၊ သာသနာ့မြေ(၃.၇၂)ဧက၊ ရွာဦးဘုန်းတော်ကြီးကျောင်း(၁)ကျောင်း၊ဇရပ်(၃)လုံး၊ ဓမ္မာရုံ(၂)လုံး၊ရွာမြေ(၄၃.၃၈)ဧက၊သောက်ရေကန်(၅)ကန် ၊ သုံးရေကန်(၆)ကန်၊ အလယ်တန်းကျောင်းခွဲ(၁)ကျောင်း၊ မူလတန်းကျောင်း(၁)ကျောင်း၊ စာကြည့်တိုက်(၁)ခု၊ ဆန်စက်(၂)စက်အထိရှိနေပြီဖြစ်သည်။ ယခုလက်ရှိတွင် ကွန်ကရစ်လမ်းအနည်းငယ်ရှိပြီး လျှပ်စစ်မီးများရှိနေသည့်အထိ တိုးတက်ပြောင်းလဲနေပါသည်။

## ၂။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ဟိန္ဒူ | ၈ | ၁၅ | ၁၅ | ၃၀ |

## ၃။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၂၀ | ၉ | ၁၁ | ၂၀ |
| မြေယာမဲ့ | ၈၆ | ၁၂၂ | ၁၆၃ | ၂၈၄ |
| မသန်စွမ်း | ၅ | ၂ | ၃ | ၅ |

## ၄။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက် | ဈေးဆိုင် | နိုင်ငံခြားသွား |
| ပဲ | ဝက် | လက်သမား | |
| ဗူးပင် | ဘဲ | ပန်းရံ | |
| သခွားပင် | ငါး | ငါးရောင်းဝယ် | |
| | ကျွဲ၊ နွား၊ ဆိတ် | | |

## ၅။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဉယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၉၀၀ | ၃၀ | ၂၀ | - | ၁၁ | ၁ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်ခြွေစက်၊ခြွေလှေ့စက် | အသေးစားဆည် | ဈေးဆိုင် |
| အရေအတွက် | ၅ | ၃၀ | ၂ | ၁၀ | - | ၁၀၀ |

## ၆။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ


| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၁၂ | ၁၁၂ | ၉၃ | ၅၁ | ၁၀၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက်၊ဆိတ် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှု ရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၂၅-၁၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၆ | ၂၀ | ၃၆ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေလယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၂၅-၁၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၁၆ | ၂၀ | ၃၆ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာနေကြွယ်ဝမှု အဆင့် သတ်မှတ်ချက် | ၂၅-၁၁-၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး အုပ်စုများ | ၁၆ | ၂၀ | ၃၆ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံ သုံးသပ်ချက် | ၂၅-၁၁-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၁၅ | ၁၃ | ၂၈ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၂၅-၁၁-၂၀၁၇ | အမျိုးသားများ နှင့် အမျိုးသမီး များ | ၂၅ | ၂၁ | ၄၆ | အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၂၅-၁၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာ စေတနာ့ ဝန်ထမ်း | ၂၂ | ၁၅ | ၃၇ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ

### ၁။လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။



## သုံးသပ်ချက်

ဖွဲဘာကုန်းတန်းကျေးရွာသည်ကျောက်တန်းမြို့၏တောင်ဘက်တွင်တည်ရှိပြီးအိမ်ခြေ(၆၇၀)အိမ်ဖြင့် တည်ရှိနေသောရွာတစ်ရွာဖြစ်ပါသည်။အများစုမှာဗမာလူမျိုးများနေထိုင်ကြပြီးဗုဒ္ဓဘာသာကိုကိုးကွယ်ကြပါသည်။ ဟိန္ဒူလူမျိုးအနည်းငယ်လည်းနေထိုင်ကြပြီး ဟိန္ဒူဘာသာကို ကိုးကွယ်ကြပါသည်။ ကျေးရွာအတွင်းရှိ လမ်းများသည် ကွန်ကရစ်လမ်းနှင့် မြေသားလမ်းများဖြစ်ပါသည်။ ကျေးရွာအတွင်းရှိမြေသားလမ်းနေရာများသည် မိုးရာသီတွင် သွားလာရခက်ခဲပါသည်။ အဓိကစီးပွားရေးလုပ်ငန်းများအဖြစ် လယ်ယာလုပ်ငန်းနှင့် ပင်လယ်ရေလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ တနိုင်တပိုင် မွေးမြူရေးလုပ်ငန်းများလည်း လုပ်ကိုင်ကြပါသည်။ ဖွဲဘာကုန်းတန်းကျေးရွာတွင် စေတီ(၃)ဆူ၊ စာသင်ကျောင်း(၂)ကျောင်း၊ မူကြိုကျောင်း(၁)ကျောင်း၊ ဘုန်းကြီးကျောင်း(၂)ကျောင်း၊ ဆန်စက်(၂)စက်၊ ဆေးပေးခန်း(၁)ခန်း၊ ဟိန္ဒူဘုရားကျောင်း(၁)ကျောင်း ရှိပါသည်။ ကျေးရွာတွင် ကိုယ်ထူကိုယ်ထ လျှပ်စစ်မီးရှိပါသည်။ ရေကန်(၁၃)ကန်ရှိပါသည်။ သို့ပေမဲ့ ကန်များမှာ ခြံစည်းရိုးများ မရှိသည့်အတွက် သောက်သုံးရေ သန့်ရှင်းမှုများ အခက်အခဲရှိပါသည်။ ပူပြင်းသောနစ်နှင့် ပူပြင်းသောရာသီများတွင် ရေခမ်းခြောက်၍ သောက်သုံးရေအခက်အခဲ ရှိပါသည်။ ရွာ၏မြောက်ဘက်တွင် မြောက်ချောင်းရှိပါသည်။ အနောက်ဘက် အစွန်းဆုံးတွင် ပင်လယ်ရှိပါသည်။ ရွာ၏အနောက်တောင်ဘက်တွင် ပင်လယ်နှင့်စပ်ထားသော ကော့ကွန်းချောင်းလည်းရှိပါသည်။ လူထုဗဟိုပြုစီမံကိန်း (ပထမနစ်စက်ဝန်း)မှ ကျေးရွာ၏ ဦးစားပေးလုပ်ငန်းဖြစ်သော ကျေးရွာတွင်းလမ်း ကွန်ကရစ် ခင်းခြင်းလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီးဖြစ်သောကြောင့် ယခင်ထက်ပို၍ လမ်းပန်း ဆက်သွယ်ရေးများ ကောင်းမွန်လာပြီဖြစ်သည်။

## ၂။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။

### ဥစ္စာဓနကြွယ်ဝမှု သတ်မှတ်ခြင်း


၂၅.၁၁.၂၀၁၇

| စဉ် | သတ်မှတ်ချက် | အကြောင်းအရာ | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | ချမ်းသာသူ | လယ်၊ယာ ပိုင်ဆိုင်ခြင်း၊ဆိုင်ခန်း ကုန်စုံ + ငါးအဝယ်ဒိုင် အိမ်ခြံပိုင်၊ TV၊ ရေခဲသေတ္တာ ဆိုင်ကယ်၊ လယ်ယာ ၁၀ ဧက အထက်၊ လယ်ယာသုံးစက်ကိရိယာ | ၂၆ | ၅% |
| ၂။ | အသင့်အတင့် | အိမ်ခြံပိုင်၊ ဆိုင်ကယ်၊ ငါးဖမ်းဖိုက်၊ လှေ၊ TV၊ ရေခဲသေတ္တာ လယ်ယာ 10 ဧက | ၃၅၁ | ၅၀% |
| ၃။ | ချို့တဲ့ | အိမ်ခြံပိုင်၊ ဆိုင်ကယ်၊ စက်ဘီး၊ လက်လုပ်လက်စား၊ လုပ်သား | ၁၅၀ | ၂၀% |
| ၄။ | အလွန်ချို့တဲ့ | ခြံ၊ မြေ မရှိ၊ ကိုယ်ပိုင် လုပ်ငန်းမရှိ၊ အရင်းအနှီးမရှိ လက်လုပ်လက်စား | ၁၇၆ | ၂၅% |
| စုစုပေါင်း | | | ၇၀၃ | ၁၀၀% |

## သုံးသပ်ချက်

ဖွဲ့ဘာကုန်းတန်းကျေးရွာတွင် ကျေးရွာသူ၊ ကျေးရွာသားများ ဥစ္စာနေကြွယ်ဝမှုကို အဆင့်(၄)ဆင့် သတ်မှတ်ထားပါသည်။ ၄င်းတို့မှာချမ်းသာ၊ အသင့်အတင့်၊ နွမ်းပါး၊ အလွန်နွမ်းပါးတို့ဖြစ်ကြပါသည်။ ချမ်းသာသူသည်လယ်၊ယာ၊ ဆန်စက်၊ ငါးအဝယ်ဒိုင်၊ တီဗွီ၊ ရေခဲသေတ္တာ၊ ဆိုင်ကယ်၊ လယ်ယာ(၁၀)ကေအထက်၊ လယ်ယာသုံးစက်ကိရိယာ၊ အိမ်၊ ခြံ၊ မြေများ ပိုင်ဆိုင်ပါသည်။ အိမ်ထောင်စုအရေအတွက်(၂၆)စုရှိပြီး (၅%)ရှိပါသည်။ အသင့်အတင့်သူများသည် အိမ်၊ ခြံ၊ ဆိုင်ကယ်၊ ငါးဖမ်းပိုက်၊ လှေ၊ တီဗွီ၊ ရေခဲသေတ္တာ၊ လယ်ယာ(၁၀)ကေအထိ ပိုင်ဆိုင်ကြပါသည်။ အသင့်အတင့်သူများသည် (၅၀%)လောက်ရှိပြီး အိမ်ထောင်စု(၃၅၁)စု လောက်ရှိပါသည်။ ကျေးရွာတွင်နွမ်းပါးသူ(၂၀%)ရှိပါသည်။ အိမ်ထောင်စု(၁၅၀)လောက်ရှိပါသည်။ နွမ်းပါးသူများသည် အိမ်၊ ခြံ၊ ဆိုင်ကယ်၊ စက်ဘီးများပိုင်ဆိုင်ကြပြီး လက်လုပ်လက်စားလုပ်သားများ ဖြစ်ပါသည်။ နွမ်းပါးရခြင်းမှာ အရင်းအနှီး၊ အလုပ်အကိုင်နှင့် ကိုယ်ပိုင်လုပ်ငန်းများ မရှိသောကြောင့်ဖြစ်သည်။ ကျေးရွာတွင်အလွန်နွမ်းပါးသူ(၂၅%) ရှိပါသည်။ အိမ်ထောင်စု(၁၇၆)စု လောက်ရှိပါသည်။ အလွန်နွမ်းပါးသူများသည် ခြံ၊ မြေမရှိ ၊ကိုယ်ပိုင်လုပ်ငန်းမရှိ ၊ အရင်းအနှီးမရှိ လက်လုပ်လက်စားများ ဖြစ်သည်။ အလွန်နွမ်းပါးသူများသည် အခွင့်အလမ်းနည်းပါး၍ ကလေးများကိုကျောင်းပြီးဆုံးအောင် မထားနိုင်ကြပါ။မ စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် ၊ တည်ဆောက်ရာတွင် အလုပ်ဝင်လုပ်ခြင်းဖြင့် အလုပ်အကိုင်များရရှိလာပြီး ဝင်ငွေတိုးပွားလာမည်။ နွမ်းပါးနေသူတို့၏ လူနေမှုဘဝတိုးတက်အောင်မြင်လာမည်ဖြစ်သည်။

## ၃။ ရာသီစွင့်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။



**သုံးသပ်ချက်**

**ရေလုပ်ငန်း** ရေလုပ်ငန်းအား ဝါခေါင်လမှလွဲ၍(၁၂)လရာသီလုံး လုပ်ကိုင်ကြပြီးတပို့တွဲ၊ တပေါင်းလများတွင်ငါး ရရှိမှုပိုမိုများပြားပါသည်။

**စိုက်ပျိုးရေး** စပါးအဓိကစိုက်ပျိုးပြီး ဝါခေါင်လတွင်စတင်စိုက်၍ ပြာသိုလတွင်ရိတ်သိမ်းပါသည်။ ပဲအားတပို့တွဲလတွင် စတင်စိုက်ပျိုး၍ တန်ခူးလတွင် ရိတ်သိမ်းပါသည်။

**မွေးမြူရေး** မွေးမြူရေးတွင် ကြက်၊ဘဲ၊ဝက်၊ကျွဲ၊နွား များကို (၁၂)လရာသီလုံး မွေးမြူကြပါသည်။

**အလုပ်အကိုင်အခွင့်အလမ်း** တန်ဆောင်မုန်း၊နတ်တော်၊ပြာသို၊တပို့တွဲ၊ တပေါင်းလနှင့် တန်ခူးလများတွင် အလုပ်ကိုင်ရရှိမှုများပြားပြီး ကဆုန်လနှင့် သီတင်းကျွတ်လများတွင် အနည်းငယ်ရရှိပါသည်။

**ဝင်ငွေ** နတ်တော်၊ပြာသို၊တပို့တွဲ၊ တပေါင်းလနှင့် တန်ခူးလများတွင် ဝင်ငွေရရှိမှုများပြားပြီး ကျန်လများတွင်အနည်းငယ်ဝင်ငွေရှိပါသည်။


**သဘာဝဘေးအန္တရာယ်** ဝါခေါင်၊တော်သလင်း၊ သီတင်းကျွတ်၊ နတ်တော်လများတွင် ရေကြီးမှုများရှိနိုင်၍ မုန်တိုင်းများလည်း တိုက်နိုင်ပါသည်။

**လမ်းပန်းဆက်သွယ်ရေး** ဝါခေါင်၊တော်သလင်း၊ သီတင်းကျွတ်၊ နတ်တော်လများတွင်အနည်းငယ် အခက်အခဲရှိ၍ ကျန်လများတွင်သွားလာရ အဆင်ပြေပါသည်။

**ကျန်းမာရေး** တော်သလင်း၊သီတင်းကျွတ်၊နတ်တော်လများတွင်ဖျားနာမှုများ၊တုပ်ကွေးရောဂါများဖြစ်တတ်ပါသည်။

**ပွဲတော်များ** ကဆုန်လတွင်ညောင်ရေသွန်းပွဲနှင့် တန်ဆောင်မုန်းလတွင်ဘုရားပွဲများ နှစ်စဉ်ကျင်းပလေ့ရှိပါသည်။


၄။ ဗင်းပုံစံ သုံးသပ်ချက်။



**သုံးသပ်ချက်**

ကျေးရွာအုပ်ချုပ်ရေးအဖွဲ့သည် ရပ်မိရပ်ဖအဖွဲ့နှင့်ပူးပေါင်းပြီး ရပ်ကျိုးရွာကျိုးများကို ပူးပေါင်းဆောင်ရွက်ကြပါသည်။ လူမှုရေးအဖွဲ့နှင့် နာရေးကူညီမှုအဖွဲ့သည် ချိတ်ဆက်လျက်ရှိပြီး လူမှုရေးကိစ္စများနှင့် ရပ်ရွာအတွင်း သာရေးနာရေးကိစ္စများကို ဆောင်ရွက်လုပ်ကိုင်ကြပါသည်။ ပတ်(စ်)မြန်မာ၊ ဘီဂျီ ၊ အေစီလီတာ အဖွဲ့များသည် ကျေးရွာပြင်ပမှအဖွဲ့အစည်းများဖြစ်ကြပြီး ငွေစုငွေချေးကာ ကျေးရွာဝင်ငွေရရှိအောင် လုပ်ဆောင်ပေးလျက်ရှိသည်။ မြစိမ်းရောင်အဖွဲ့သည်လည်းပဲ ကျေးရွာဝင်ငွေရရှိအောင်၊ တိုးပွားအောင် လုပ်ဆောင်ပေးပါသည်။ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့၊အမျိုးသမီးရေးရာအဖွဲ့၊ ကြက်ခြေနီအဖွဲ့များသည် ကျေးရွာကျန်းမာရေးနှင့် အခြားလူမှုရေးဆိုင်ရာ ကိစ္စရပ်များကို ကူညီဆောင်ရွက်သည်။ ကျေးရွာအတွင်းရှိ ပြည်သူ့စစ်အဖွဲ့သည် ကျေးရွာအတွက် လုံခြုံရေးနှင့်ပရဟိတလုပ်ငန်းများတခြားဘက်စုံကူညီပံ့ပိုးရေးလုပ်ငန်းများကိုလုပ်ဆောင်လျက်ရှိသည်။လူထုဗဟိုပြု စီမံကိန်းမှကျေးရွာတွင်းရှိကျေးရွာစီ၊ထောက်အဖွဲ့များနှင့်ချိတ်ဆက်ပြီးဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပါသည်။

## ၅။ ပင့်ကူအိမ်ကွန်ယက် နှင့် သုံးသပ်ချက်



## သုံးသပ်ချက်

စီးပွားရေး - အမျိုးသမီးများသည် အိမ်ထောင်မှုကိစ္စများကိုသာ လုပ်ကိုင်နေရခြင်း၊ ကိုယ်ပိုင်အချိန် နည်းပါးခြင်းတို့ကြောင့် အမျိုးသားများနှင့်တန်းတူ စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်နိုင်ခြင်း မရှိကြောင်းတွေ့ရသည်။

ဆုံးဖြတ်ပိုင်ခွင့် - ရှေးရိုးစွဲအစဉ်အလာများ၊ ဓလေ့ထုံးတမ်းများကြောင့် အမျိုးသမီးများသည် အမျိုးသားများ ကိုသာ ဦးစားပေး၍ ဆုံးဖြတ်ပိုင်ခွင့်များတွင် အခွင့်အရေးများ ဆုံးရှုံးနေသည်ကို တွေ့ရသည်။

လူမှုရေးနယ်ပယ်တွင်ပါဝင်မှု - အမျိုးသားများမှာ အိမ်ထောင်မှုစားဝတ်နေရေးကိစ္စများအတွက် စီးပွားရေးလုပ်ငန်းများကို ပြင်ပ၌လုပ်ကိုင်ရသောကြောင့် ကျေးရွာတွင်းရှိ လူမှုရေးကိစ္စများတွင် အမျိုးသမီးများလောက် ရာနှုန်းပြည့် ပါဝင်နိုင်ခြင်းမရှိသည်ကို တွေ့ရသည်။

ကျေးရွာဖွံ့ဖြိုးရေးလုပ်ဆောင်မှု - ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အမျိုးသားများနှင့် အမျိုးသမီးများသည် ပူးပေါင်းဆောင်ရွက်မှုတွင် အနည်းငယ်သာကွာခြားမှု ရှိသည်ကို တွေ့ရသည်။


အိမ်မှုကိစ္စများ - အမျိုးသားများစုသည် အိမ်မှုကိစ္စဆောင်ရွက်မှုများကို စိတ်ပါဝင်စားမှုမရှိသည်ကို တွေ့ရသည်။


ဦးဆောင်မှု - ရပ်ရေးရွာရေးနှင့် အိမ်တွင်းရေးကိစ္စများတွင် အမျိုးသားများကသာ ဦးဆောင်၍ ဆောင်ရွက်နေကြောင်းတွေ့ရသည်။

အလုပ်အကိုင်အခွင့်အလမ်း - အမျိုးသားများသည် ကိုယ်ခန္ဓာကျန်းမာသန်စွမ်းမှု၊ အသက်မွေး ဝမ်းကျောင်းမှုအတတ်ပညာများ တတ်ကျွမ်းမှု စသည်တို့ကြောင့် အမျိုးသမီးများထက်ပို၍ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိသည်ကို တွေ့ရသည်။

ပညာရေး - အမျိုးသမီးများသည် အခြားကဏ္ဍများ၌ အားနည်းသော်လည်း ပညာရေးကဏ္ဍတွင်မူ အမျိုးသားများထက် စိတ်ပါဝင်စားမှုနှင့် သင်ယူတတ်မြောက်မှုရှိကြောင်း တွေ့ရသည်။

## ၆။ အရင်းအမြစ်ထိန်းချုပ်မှု၊ သုံးစွဲမှု နှင့် သုံးသပ်ချက်




၂၅.၁၁.၂၀၁၇

## သုံးသပ်ချက်

## သုံးစွဲမှု

အမျိုးသားများသည်ကျေးရွာ၏အရင်းအမြစ်များဖြစ်သောလယ်ယာမြေပြပင်လယ်လုပ်ငန်းစက်ပစ္စည်းစသည်တို့ကိုသုံးစွဲပါသည်။အမျိုးသမီးများသည်ရေတွင်း၊ရေကန်၊အပ်ချုပ်စက်တို့ကိုသုံးစွဲပါသည်။အမျိုးသား၊အမျိုးသမီးနှစ်ဦးလုံးသည်စာသင်ကျောင်း၊ဘုန်းကြီးကျောင်း၊ဆေးပေးခန်းစသည်တို့ကို သုံးစွဲပါသည်။ အရင်းအမြစ်အသုံးပြုမှုတွင် အမျိုးသမီးများ အသုံးပြုသော၊ ပိုင်ဆိုင်သောပစ္စည်းများ အလွန်နည်းပါးသည်ကို တွေ့ရှိရပါသည်။

## ထိန်းချုပ်မှု-

အမျိုးသားများသည်ပင်လယ်လုပ်ငန်း၊ရေကန်၊စာကြည့်တိုက်၊ဆိုင်ကယ်၊စာသင်ကျောင်း၊ဘုန်းကြီးကျောင်း၊ဘောလုံးကွင်းစသည်တို့ကိုထိန်းချုပ်ပြီးအမျိုးသမီးများသည်ပိုက်၊အပ်ချုပ်စက်တို့အားထိန်းချုပ်ပါသည်။အမျိုးသမီးများသည်ထိန်းချုပ်မှုအပိုင်းတွင်လည်းအလွန်အားနည်းလျက်ရှိလေသည်။အမျိုးသား၊အမျိုးသမီး နှစ်ဦးလုံးသည် လယ်ယာလုပ်ငန်းကို ထိန်းချုပ်လုပ်ကိုင်လျက်ရှိကြသည်။ အရင်းအမြစ်များကို ဆုံးဖြတ်ချက်ချရာတွင် အမျိုးသားများက ဦးဆောင်သည်။ အမျိုးသမီးများ အရင်းအမြစ်များကို ဦးဆောင်လုပ်ကိုင်ပါက၊ ဆုံးဖြတ်ချက်ချပါက နှောင့်နှေးမှုများဖြစ်ပေါ်လာနိုင်ပေသည်။ သို့သော်တချို့သော လုပ်ကိုင်ဆောင်ရွက်နိုင်သော အရင်းအမြစ်များကိုဦးဆောင်လုပ်ကိုင်ပါက အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်တက်လာမည်ဖြစ်သည်။

## အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ

### ၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း

စီမံကိန်းတွင် အမျိုးသမီးများ တက်ကြွစွာ ပူးပေါင်းပါဝင်နိုင်ရန် အတွက် ကျေးရွာသို့သွားရောက်၍ မိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာတွင် အစည်းအဝေးတွင် အမျိုးသား၊ အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန်ဖိတ်ကြားပေးရန် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးပိုင်းနှင့် ရပ်မိရပ်ဖများအား ပြောကြားခဲ့ပါသည်။ ပထမအကြိမ် ကျေးရွာမိတ်ဆက်အစည်းအဝေးကျင်းပသည့်အချိန်တွင် လူထုဗဟိုပြုစီမံကိန်းသည် အမျိုးသမီးများ၏အခန်းကဏ္ဍကိုအလေးထားကြောင်း၊ အမျိုးသမီးများသည် အခွင့်အရေးရမည်ဆိုလျှင် ဆုံးဖြတ်ချက်ချသည့်ကိစ္စ၊ ဦးဆောင်သည့်ကိစ္စများတွင် အမျိုးသားများကဲ့သို့ပင် လုပ်ဆောင်နိုင်သည်ကို ယုံကြည်ကြောင်း၊ ယုံကြည်ထားသည်နှင့်အညီ စီမံကိန်းတွင်အမျိုးသမီးများ၏ အခန်းကဏ္ဍကို ထည့်သွင်းအကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့ကြောင့်စည်းအဝေးတိုင်းတွင် အမျိုးသားများ၊ အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ် ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြတောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါကအမျိုးသမီးများကိုလည်း တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား၊အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသား၊ အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ၊ မျှော်မှန်းချက်များ ဖော်ထုတ်ခြင်းလုပ်ငန်းကိုလည်း လုပ်ကိုင်ခဲ့ပါသည်။

အမျိုးသမီးများစွမ်းဆောင်ရည် မြင့်မားလာစေရန် ကျေးရွာတွင်ကော်မတီများ ဖွဲ့စည်းရာတွင် ဆပ်ကော်မတီတစ်ခုတိုင်းတွင် အမျိုးသမီးတစ်ဦးပါအောင် ဖွဲ့စည်းခဲ့ပါသည်။ ကော်မတီများအားလုံး ဖွဲ့စည်းပြီးချိန်တွင် အမျိုးသမီး(၅၀%) ပါဝင်ခဲ့ပါသည်။ လုပ်ငန်းခွဲများအကောင်အထည်ဖော်သည့် အချိန်တွင် ဆုံးဖြတ်ချသည့်ကိစ္စ၊ ဦးဆောင်သည့်ကိစ္စမှစ၍ လိုအပ်သည့်ကိစ္စများအားလုံးတွင် အမျိုးသမီးများ ပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ အမျိုးသားများမှလည်း အမျိုးသမီးများအား အခွင့်အရေးပေးရန် ပြောကြားခဲ့ပါသည်။

## ၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

**မေးမြန်းသည့်ရက်။** **ရက်စွဲ - ၂၀.၁.၂၀၁၈**

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် √ | တွေ့ရှိချက် X | မှတ်ချက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးတက်ရောက်လာသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရားများကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင် ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော် ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။<br>**မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံး | √ | | |

| | | | | |
|---|---|---|---|---|
| | ဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သောဦးစားပေးရွေးချယ်မှုများကိုထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု၊ဆင်းရဲ/နွမ်းပါး၊ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စုစီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြော ကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့်အစည်းအဝေးပြုလုပ်ရာတွင်အုပ်စုစီ/ထောက်ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ







အမျိုးသားအုပ်စု မှတ်တမ်းဓာတ်ပုံ



အမျိုးသမီးအုပ်စု မှတ်တမ်းဓာတ်ပုံ



လုပ်ငန်းခွဲမဆောင်ရွက်မီ မှတ်တမ်းဓာတ်ပုံ



## ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | လိင် | ရာထူး |
|---|---|---|---|
| ၁ | ဦးမျိုးမြင့်ဦး | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်ငွေးမြင့် | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးစိုးမြင့် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဒေါ်ဖြူသန္တာ | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၅ | ဦးအေးဟန် | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးပေါက်စ | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဒေါ်ဝင်းမြင့် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်အေးမြင့် | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၉ | ဦးတင်ယု | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၁၀ | ဒေါ်မိုးမိုး | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၁ | ဒေါ်လုံးတင် | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၂ | ဦးခင်အောင် | ကျား | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၃ | ဒေါ်အေးမိ | မ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၄ | ဒေါ်နုနုဝင်း | မ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၅ | ဦးသန်းလွင် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၆ | ဦးမျိုးမြင့်နိုင် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၇ | ဦးဇော်သိန်း | ကျား | စေတနာ့ဝန်ထမ်း |
| ၁၈ | ဒေါ်စုလေးနိုင် | မ | စေတနာ့ဝန်ထမ်း |
| ၁၉ | ဒေါ်ညွန့်ညွန့် | မ | စေတနာ့ဝန်ထမ်း |
| ၂၀ | ဦးထွန်းထွန်းနိုင် | ကျား | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၂၀) ယောက် ကျား-၁၀ ယောက် +မ-၁၀ ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

| | |
|---|---|
| ၁။ဦးမျိုးမြင့်ဦး | ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ |
| ၂။ ဒေါ်သီတာ | ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ |
| ၃။ ဒေါ်ငွေးမြင့် | ဘဏ္ဍာရေးဆပ်ကော်မတီ၊ ဥက္ကဌ |
| ၄။ ဒေါ်စန္ဒာအောင် | ဘဏ္ဍာရေးဆပ်ကော်မတီ၊ စာရင်းကိုင် |
| ၅။ ဦးအေးကြူ | ဘဏ္ဍာရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆။ ဦးမောင်စော | ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ အဖွဲ့ဝင် |
| ၇။ ဦးဝင်းစိန် | ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ အဖွဲ့ဝင် |
| ၈။ ဒေါ်စိမ်းစိမ်းမာ | ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ အဖွဲ့ဝင် |

**မှတ်တမ်းတင်သူ**

အမည် - ဦးတင်သိန်း

ရာထူး - လူထုစည်းရုံးရေးမှူး

ရက်စွဲ - ၇.၂.၂၀၁၈

## ၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ | | | |
| ကျေးရွာခေါင်းဆောင် အမည် ဦးတင်မောင်မြ | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် 09·777236217 | | လူထုစည်းရုံးရေးမှူး၏ အမည် ဦးတင်ဒါး |
| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် - ကျောက်မဲ | ကျေးရွာအုပ်စု - [illegible] | ကျေးရွာ [illegible] |

 က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ---ဗမာ--- | ၄၃၀ | ဘာသာ (၁) ---ဗုဒ္ဓ--- | ၄၃၀ |
| လူမျိုးစု (၂) ---ပအိုဝ်း--- | ၁၅ | ဘာသာ (၂) ---ဗုဒ္ဓ--- | ၁၅ |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| | | | |
| လူမျိုးစုရော ------------ | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၁၅၀ | | ၁၅၀ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | | |
| လူမျိုးစု (၁)---------- | ၁၂၆၁ | ၁၃၂၆ |
| လူမျိုးစု (၂)---------- | ၁၅ | ၁၆ |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၇၁၆ | ၂၀ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☑ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* အလယ်ကျောင်းခွဲ | | *မှတ်ချက်* | | *မှတ်ချက်* | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမားရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☑ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☑ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☑ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☑ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း ✓ | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/(မရှိပါ)/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာ တွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်------------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား -------------------

မိုးရာသီတွင်ကြာချိန်---------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/
အခြား -------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ  ☐ ရှိပါသည်  ရှိလျှင်ဖော်ပြပါ ---------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---[illegible]---
(၂) ---[illegible]---

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ  ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင်  အမည် ဦးတင်မောင်မြေး

လက်မှတ် [signature]  နေ့စွဲ ၁၀.၁၀.၂၀၁၇

လူထုစည်းရုံးရေးမှူး  အမည် ဦးတင်သိန်း

လက်မှတ် [signature]  နေ့စွဲ ၁၀.၁၀.၂၀၁၇

## ၁၀။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။

လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးလှဖေ သိန်း

နေ့စွဲ ၂၅ - ၁၁ - ၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (✓) □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄)

ပြည်နယ်/တိုင်း - ရန်ကုန် | မြို့နယ် ကျောက်တန်း | ကျေးရွာအုပ်စု ကွဲဘကျွန်းလန် | ကျေးရွာ ကွဲဘကျွန်းလန်

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | လမ်းပန်းဆက်သွယ်ရေး အခက်အခဲ | ၁ | အမှိုက်စွန့်ပစ်ရန် ခက်ခဲခြင်း |
| ၂ | ကျေးရွာတွင်းဈေး မရှိသောအခက်အခဲ | ၂ | စာကြည့်တိုက် မရှိသော အခက်အခဲ |
| ၃ | သဘာဝဘေးအန္တရာယ် အခက်အခဲ | ၃ | လမ်းပန်းဆက်သွယ်ရေး အခက်အခဲ |
| ၄ | သောက်သုံးရေ မလုံလောက်သောအခက်အခဲ | ၄ | သောက်သုံးရေ မလုံလောက်သော အခက်အခဲ |
| ၅ | ကျောင်းခြံစည်းရိုး မရှိသောအခက်အခဲ | ၅ | ကျောင်းခြံစည်းရိုး မရှိသော အခက်အခဲ |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ဈေးများ ဖြစ်ပေါ်လာစေရန် | ၁ | အမှိုက်များ စွန့်ပစ်ရာနေရာ ဖြစ်နိုင်ရန် |
| ၂ | သောက်သုံးရေ လုံလောက်မှုရှိရန် | ၂ | စာသင်ကျောင်း ခြံစည်းရိုးများ ကောင်းလာရန် |
| ၃ | သဘာဝဘေးကြောင့် ထိခိုက်မှုများ နည်းလာရန် | ၃ | ပြည့်စုံသော စာကြည့်တိုက် ဖြစ်လာရန် |
| ၄ | တရွာလုံး လမ်းများ ကောင်းမွန်ရန် | ၄ | တရွာလုံး လမ်းများ ကောင်းမွန်ရန် |
| ၅ | စိုက်ပျိုးရေးနည်းပညာမြင့်မားလာရန် | ၅ | စိုက်ပျိုးရေး နည်းပညာမြင့်မား လာရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | နှီးလှိုင်းလမ်း ကျောက်ချောခင်းရန် | ကျား + မ | ၂၂၃၆၇၈၀၀ | ၂၆၁၈ |
| ၂ | ရွာအရှေ့ဘက်ပိုင်းလမ်းခင်းရန် | ကျား + မ | ၂၂၃၆၇၈၀၀ | ၂၆၁၈ |
| ၃ | အလောမြိုင်လမ်းခင်းရန် | ကျား + မ | ၂၂၃၆၇၈၀၀ | ၂၆၁၈ |
| ၄ | ကျေးရွာဈေး | ကျား + မ | ၂၂၃၆၇၈၀၀ | ၂၆၁၈ |
| ၅ | စာကြည့်တိုက်ဆောက်ရန် | ကျား + မ | ၂၂၃၆၇၈၀၀ | ၂၆၁၈ |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျိုးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖေါ်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁။ | ကျေးရွာသားများ [illegible] အရင်းအနှီးပေးရန် | ကျား + မ | |
| ၂။ | ကွန်ပျူတာသင်တန်း [illegible] | ကျား + မ | |
| ၃။ | စက်ချုပ်သင်တန်း [illegible] | ကျား + မ | |
| ၄။ | [illegible] ထောက်ပံ့ငွေ | ကျား + မ | |
| ၅။ | [illegible] ချေးပေးရန် | ကျား + မ | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည်- ဦးမျိုးမြင့်ဦး လက်မှတ်- [signature] နေ့စွဲ- ၂၅-၁၁-၂၀၁၇

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | စက်မှုသင်တန်း | ☐ မ ☐ ကျား | | |
| | ၂ | [illegible] | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | အာဟာရ ဂရုစိုက်ရေး | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | ကွန်ပျူတာသင်တန်း | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |
| အခြား | ၁ | ဘုရားကျောင်းမှ | ☐မ ☐ကျား | | |
| | ၂ | ထောက်ပံ့ငွေ | ☐မ ☐ကျား | | |
| | ၃ | ကျေးရွာလူထု [illegible] | ☐မ ☐ကျား | | |
| | ၄ | ဝင်ငွေ[illegible] | ☐မ ☐ကျား | | |
| | ၅ | | ☐မ ☐ကျား | | |

## ၁၁။ အစည်းဝေးမှတ်တမ်းများ

လူထုဗဟိုပြုစီမံကိန်း

အစည်းအဝေးမှတ်တမ်း

| | |
|---|---|
| ပြုလုပ်သည့်နေရာ | ။ ရွှေဘာကုန်းကျေး ဘုန်းကြီးကျောင်း |
| ပြုလုပ်သည့်နေ့ရက် | ။ ၂၅ . ၁၁ . ၂၀၁၇ |
| ပြုလုပ်သည့်အချိန် | ။ ၁၁ : ၃၀ မှ ၂ : ၃၀ ထိ |
| ကျေးရွာအုပ်စုအမည် | ။ ရွှေဘာကုန်းတန်းကျေးရွာ ။ |
| မြို့နယ်အမည် | ။ ကျောက်တန်းမြို့နယ် ။ |
| ကျေးရွာအမည် | ။ ရွှေဘာကုန်းတန်း ကျေးရွာ ။ |

အစည်းအဝေးတက်ရောက်သူဦးရေ ။ ကျား ‹၂၀၅› ၊ မ ‹၂၁၈› စုစုပေါင်း ‹၄၂၃›

အစည်းအဝေးတက်သည့်လူမျိုးစုအမည် ။ (ပအိုဝ်း အဖွဲ့) - ( ၂ ) စုစုပေါင်း

အစည်းအဝေး ပြုလုပ်သည့် အကြောင်းအရာ ။ ကျေးရွာ ပထမ အကြိမ် ၊ ~~ဒုတိယအကြိမ်~~ အစည်းအဝေး (ဒုတိယနှစ်စက်ဝန်း)

ဆွေးနွေးချက် ‹၁› ။ လူထုစည်းရုံးရေးမှူး ဦးတင်သိန်း က ကျေးရွာသူ/သား များအား စီမံကိန်း ၏ ရည်ရွယ်ချက် ၊ မိတ်ဆက်ပေးရာမှ အား ရှင်းလင်း ပြောကြား ခဲ့ပါသည်။ ထို့နောက် စီမံကိန်း စက်ဝန်း တွင် အပိုင်း (၆) ပိုင်း ၊ အဆင့်(၁၅) ဆင့် အား အသေးစိတ် ရှင်းလင်း ပြောကြား ခဲ့ပါသည်။ စီမံကိန်း တွင် တာဝန် ဝတ္တရား ရှိသူများ ကိုနှင့် ၎င်းတို့၏ တာဝန် ဝတ္တရား များကို အစည်းအဝေး တက်ရောက်သူ ကျေးရွာလူထုအား ရှင်းလင်း ဆွေးနွေး ခဲ့ပါသည်။ ကျေးရွာ စေတနာ့ ဝန်ထမ်း နေရာ အား ပထမနှစ် စက်ဝန်း တွင် ရွေးချယ် တင်မြှောက် ခဲ့သူ

ဆွေးနွေးချက်(၁)။ "ဦးဘုန်းလွင် နှင့်ဒေါ်ရလေးနိုင် တို့အား ကျေးရွာလူထု မှ ဒုတိယနှစ် စက်ဝန်း အတွက် ပြန်လည်တာဝန်ထမ်း ဆောင်ရန် သဘောတူညီကြပြီး ကာယကံရှင် များမှ ဆက်လက်လုပ်ကိုင်မည်ဟု သဘောတူညီကြသဖြင့် ပြန်လည် ရွေးချယ်ခြင်း မရှိဘဲ ပထမနှစ်အတိုင်း အတည်ပြုခဲ့ပါသည်။

ဆွေးနွေးချက်(၂)။ "ကျေးရွာမှ အစည်းအဝေးတက်ရောက်သူများအား အဖွဲ့များခွဲ စေ၍ လူမှုဆန်းစစ်ခြင်း (၆)ခုအား ပြုလုပ်ခဲ့ကြပါသည်။ (၁) ကျေးရွာ ဖရင်းအခြေပြမြေပုံ ကို ကျေးရွာလူထုနှင့် ပထမနှစ်စက်ဝန်းတွင်လိုအပ်ချက် များကို ပြန်လည်ပြုပြင်ခဲ့ပါသည်။ (၂) ကျေးရွာတွင် ဥစ္စာဓန ကြွယ်ဝမှု အဆင့်သတ်မှတ်ချက်တွင် ကျေးရွာ တွင်း တွင် အိမ်ထောင်စုဦး ရေ အဆင့် အဝကိုခွဲခြား သတ်မှတ် ဆွေး နွေး ခဲ့ပါသည်။ (၃) ရာသီခွင်ပြက္ခ ဒိန်တွင် ကျေးရွာ အတွင်း တွင် မည်သည့်အချိန်တွင် ဘာ လုပ်ငန်း များ လုပ်ပြီး မည်သည့်ရက်တွင် အားလပ် ရက်များ ရှိနေသလည်းကို ဆွေးနွေးခဲ့ပါသည်။ (၄) ပင့်ကူအိမ် သုံးသပ်ခြင်း သည် အမျိုး သား /အမျိုး သမီး များ က နေရာတိုင်း တွင် ဘယ်လောက်ထိထိ ဝင်ဝင် လှုပ်ရှား နိုင်သလည်း ကို ဆွေးနွေးခဲ့ပါသည်။ (၅) ပိုင်ဆိုင်မှုသုံးသပ်ခြင်းသည် ကျေးရွာတွင်းတွင် ဘယ်လောက်အမျိုးသား များ အရင်း အမြစ်များတို့ ချုပ်ကိုင်ထား ခြင်းရှိ မရှိ ၊ အမျိုး သမီး များကလည်း

ဆွေးနွေးချက်(၂) ။ "အရင်း အမြစ် များ ထိန်းချုပ် သုံးစွဲထား ခြင်း ရှိ မရှိ ၊
၂၁ ဦး စလုံး ကလည်း အရင်းအမြစ် ထိန်းချုပ်သုံးစွဲထား
ခြင်း ရှိ ၊ မရှိ ကို ဆွေးနွေးခဲ့ပါသည်။

ဆုံးဖြတ်ချက် ။ "ကျေးရွာစေတနာ့ဝန်ထမ်း အား ပထမနှစ်စက်ဝန်းတွင်
သဘောတူညီချက်
ရွေးချယ်တင်မြှောက်ခဲ့သူ ၂၁ ဦး အား ပြန်လည်တာဝန်
ပေးရန်သဘောတူဆုံးဖြတ်ခဲ့ပါသည်။ ၎င်းမှ ဆက်စပ်ခြင်း
ငွေ ၁၃ သုံး ကို ~~ငွေ ၁၃ သုံး ကို~~ ကျေးရွာ လူထုစု၏ သဘောဆန္ဒ
အတိုင်း လိုအပ်ချက် များကို ပြန်လည်ဖြည့်ဆည်းခဲ့ပါသည်၊
သဘောတူညီမှု ရရှိခဲ့ပါသည်၊

အစည်းအဝေး ကို (၂ ၊ ၃၀) နာရီတွင် ရုပ်သိမ်းခဲ့ပါသည်၊

မှတ်တမ်းတင်သူ

လက်မှတ် – (signature)

အမည် – ဦးတင်ဝင်း

ရာထူး – [illegible]

လူထုဖဟိုပြုစီမံကိန်း
ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်
<u>ကျေးရွာအစည်းအဝေးမှတ်တမ်း</u>

ရှေ့ကျေးရွာ ......ဗွဲ့ဘာကုန်းတန်းကျေးရွာ။......
ကျေးရွာအုပ်စု ......ဗွဲ့ဘာကုန်းတန်းကျေးရွာ။......
အစည်းအဝေးပြုလုပ်သည့်နေရာ ......ဗွဲ့ဘာကုန်းတန်း ဘုန်းကြီးကျောင်း
အစည်းအဝေးပြုလုပ်သည့်နေ့ရက် ......၂၇-၁၁-၂၀၁၇......
အစည်းအဝေးပြုလုပ်သည့်အကြောင်းအရာ ......ဒုတိယ အကြိမ် ကျေးရွာ အစည်းအဝေး (ဒုတိယနှစ်ဆက်ဝင်)

.............................................................................................................

အစည်းအဝေး တက်ရောက်သူဦးရေ။ ကျား ( ၂၀၅ ) ဦး + မ ( ၂၁၈ ) ဦး = ( ၄၂၃ ) ဦး
ရည်ညွှန်းချက်။ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်၊ သဘောတူညီချက်၊ မှတ်တမ်းတင်သူ ပါဝင်ရမည်။

ရည်ညွှန်းချက် ။ ။ ဒုတိယအကြိမ် အစည်းအဝေး ကျေးရွာလုပ်ငန်းစဉ် ရွေးချယ်ခြင်းနှင့် ကျေးရွာကော်မတီ ဖွဲ့စည်းပြုပြင်ခြင်း ။

ဆွေးနွေးချက်(၁) ။ ။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ ရွေးချယ်ဖော်ထုတ်နိုင်ရန် အစည်းအဝေး တက်ရောက်သူ ကျေးရွာလူထုများအား အမျိုးသား တစ်ဖွဲ့၊ အမျိုးသမီးတစ်ဖွဲ့ ခွဲ၍ အခက်အခဲ အတားအဆီးများ၊ မျှော်မှန်းချက်များကို ဖော်ထုတ်စေခဲ့ပါသည်။ ၎င်းတို့ကို အခြေခံ၍ ကျေးရွာ၏ အမှန်တကယ် လိုအပ်နေသော လုပ်ငန်းစဉ်များကိုအတူတကွ ဖော်ထုတ်ခဲ့ပါသည်။ ထွက်ပေါ်လာသော လုပ်ငန်းစဉ် ‹ ၅ › ခုအား ကျေးရွာလူထုမှ မဲစနစ်ဖြင့် မဲပေး၍ ဦးစားပေး အလိုက် ရွေးချယ်ခဲ့ပါသည်။ ရွေးချယ်သတ်မှတ်ထားသော လုပ်ငန်းများမှာ ပုံစံ စ(၃) တွင် ဖော်ပြထားသည့် အတိုင်း ဖြစ်ပါသည်။

ဆွေးနွေးချက် (၂) ။

"ကျေးရွာစီမံခန့်ခွဲမှု ကော်မတီအား ပြန်လည် ရွေးချယ်ရန် အစည်းအဝေး တက်ရောက်သူ ကျေးရွာလူထုမှ ပထမ နှစ်စက်ဝန်းတွင် ပြန်လည်တာဝန် ထမ်းဆောင်ရန် သဘောတူဆန္ဒ ပြုကြသော်လည်း ကျေးရွာ ဝယ်ယူရေး ဆပ်ကော်မတီနှင့် လည်ပတ်/ ပြုပြင် ထိန်းသိမ်းရေး ဆပ်ကော်မတီတို့ ကလည်း တာဝန် ထမ်းဆောင်ရန် သဘောတူခဲ့ပါသည်။ အခြား ကော်မတီဝင်များ ကလည်း ဒုတိယနှစ်စက် ဝန်းတွင် တာဝန်ထမ်းရန် သဘောတူခဲ့ကြသည်။ ကျေးရွာလူထု မှလည်း ဆပ်ကော်မတီဝင်အား လုံးကို သဘောတူဆန္ဒ ပြုခဲ့ကြပါသည်။ သဘော တူဆန္ဒ ပြုပြီးနောက် ဆပ်ကော်မတီတိုင်း၏ တာဝန်ဝတ္တရား များကို ရှင်းလင်း ပြောကြားခဲ့ ပါသည်။

ဆုံးဖြတ်ချက် / သဘောတူညီချက် ။

"(၁) ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ကိုမဲရလဒ်အရ ဦးစားပေး အစဉ်အတိုင်း ပြုလုပ်သွားမည်ဟုသဘော တူညီမှုရရှိခဲ့ပါသည်။

(၂) ကျေးရွာစီမံခန့်ခွဲမှုကော်မတီများ တွင်ပထမနှစ်စက် ဝန်းမှာ တာဝန်ထမ်းသော ကော်မတီများကို သဘောတူ ဆန္ဒပြုကြပါသည်။

အစည်းအဝေးကို (၂ : ၃၀) နာရီတွင်ရုပ်သိမ်းခဲ့ပါသည်။

မှတ်တမ်းတင်သူ

လက်မှတ် - [signature]

အမည် - ဦးတင်ဒေဝိုး

ရာထူး - CF

## ၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-
မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ।
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ।
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ।